မူကြိုကျောင်း

Public education
**Discover a world of opportunities**

# နံပါတ်များ - အိမ်တွင် လေ့လာသင်ယူခြင်း

## သင်္ချာဘာသာရပ်ကို နားလည်အောင်လုပ်ခြင်း

သင့်ကလေးအတွက် သင်္ချာဘာသာရပ်ကို ဘဝထဲယူလာရန် သင့်အား ကူညီပေးနိုင်သည့် အကြံဉာဏ်များ အချို့ ရှိပါသည်-

- သင် နံပါတ်ဂဏန်းများ၊ အချိန်၊ တည်နေရာနှင့် တိုင်းတာခြင်တွယ်မှု တို့ကိုအသုံးပြုသည့်အခါ စဉ်းစားတာကို ကျယ်ကျယ်ပြောပါ ထိုအခါ သင့်ကလေးသည် သင်္ချာဘာသာရပ် အသုံးဝင်ပုံကို သိမြင်မည် ဖြစ်သည်။ ဥပမာ- ကျွန်ုပ်တို့တွင် ပန်းသီး အလုံအလောက် ရှိမရှိ ကျွန်ုပ် သိချင်သည်။ ၎င်းအပြင် သေချာအောင် ရေတွက်ကြည့်ကြပါစို့။
- သင့်ကလေးအား သူတို့ လုပ်ကိုင်နေစဉ် တစ်လျှောက်လုံး စကားပြောဆိုရန် တိုက်တွန်းပေးပါ။ မေးခွန်းများကို မေးပါ၊ သင့်ကလေးကိုလည်း မေးခွန်းများ မေးခိုင်းပါ။ ၎င်းသည် သူတို့အား နားလည်အောင် အထောက်အကူပေးပြီး သူတို့ ဘာလုပ်နေသည်ကို သူတို့ နားလည်အောင် အထောက်အကူပေးသည်။ ၎င်းသည် ပညာသင်ယူရန် အလွန့်အလွန်ကောင်းသော နည်းလမ်း တစ်ခု ဖြစ်သည်။
- သင် အရာများကို ပုံဖော်သည့်အခါ သင်္ချာနှင့် နံပါတ်ဂဏန်း စာလုံးများကို သုံးပါ။ ပြောဆိုမည့်အစား- ရေပုံး သင် ပြောနိုင်တာက- 10 လီတာဝင် ရေပုံး။ ၎င်းသည် သင့်ကလေးအား အရာများကို တိုင်းတာခြင်တွယ်ပုံ ဖော်ပြရန်သုံးသည့် စကားလုံး အမျိုးမျိုး အကြောင်းလေ့လာရန် ထောက်ကူပေးပါသည်။

> ကောင်းသော စည်းမျဉ်းဖြစ်သည့် 'နည်းနည်းနှင့် မကြာခဏ' ကိုလိုက်နာပါ – နေ့စဉ် မိနစ် အနည်းငယ်ခန့် နံပါတ်ဂဏန်းများနှင့်ပတ်သက်၍ စာသင်ယူခြင်းသည် မိနစ် 30 သချာ် အတန်းထက် ပိုမိုကောင်းမွန်ပါသည်။

> ကလေးများသည် နှုန်းထားအမျိုးမျိုးဖြင့် တိုးတက်ကြကြောင်း မှတ်ထားရန် အရေးကြီးပါသည်။
>
> စိတ်ရှည်ရှည် ထားပါ၊ အကောင်းမြင်ပြီး ထောက်ကူပေးပါ။ သူတို့အား လုပ်ကိုင်ပေးသည့်အတွက် သူတို့ အဖြေအမှားကို ရသည့်တိုင်အောင် ချီးမြှောက်ပေးရန် သေချာစေပါ။

- သင့်ကလေးအား ကြိုးစားလုပ်သည့်အတွက် သူတို့ အဖြေမှားကိုပေးသည့်တိုင်အောင် ချီးမြှောက်ပေးပါ။ အကယ်၍ သူတို့ အဖြေကို မသိလျှင် အဖြေကိုရှာအောင် သူတို့အား အချိန်ပေးပါ။ အကယ်၍ သင် သူတို့ကို အဖြေပေးပါက သင် အဖြေရအောင် မည်သို့လုပ်ကြောင်း ပြောပြပါ ၎င်းသည် စာသင်ယူရာတွင် သင့်ကလေး၏ မိမိကိုယ်မိမိအားကိုးစိတ်ကို တိုးပွားစေသည်။ သူတို့အား စဉ်းစားရန် အချိန်ပေးပြီး သင့် မေးခွန်းများကို ဖြေဆိုရန် အချိန်ပေးပါ။ စိတ်ရှည်ရှည်ထားပါ။
- ရုပ်မြင်သံကြားကို ပိတ်ပါ စိတ်အာရုံပြောင်းမည့်အရာများ မရှိပါက စိတ်အာရုံစိုက်ရန် သင့်ကလေး အတွက် ပိုမိုလွယ်ကူသည်။




သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

Department of
**Education**

© Department of Education, Western Australia, 2015
CC BY